ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

စာအမှတ်၊ ၁(က)(၁)၂၀၁၈(၆၇၁၄)ကလရ။
ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ မေလ(၄)ရက်။

**ဆေးဘက်ဆိုင်ရာအင်ဂျင်နီယာ (Medical Engineering) ဒီပလိုမာသင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် ဂျပန်နိုင်ငံ၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency – JICA)တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်တွင် ဆေးဘက်ဆိုင်ရာအင်ဂျင်နီယာ (Medical Engineering) ဒီပလိုမာ(၁)နှစ်သင်တန်းကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါ၍ အောက်ဖော်ပြပါအရည်အချင်းနှင့်ပြည့်စုံသူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ (၁၈-၅-၂၀၁၈)ရက်နေ့၊ (၁၆:၀၀)နာရီ နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည် -

<u>လိုအပ်သောအရည်အချင်းများ</u>

၁။ လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရပါမည်၊

၂။ လျှောက်ထားသူသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနလက်အောက်တွင် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး လျှောက်လွှာပိတ်သည့်နေ့တွင် ခွင့်ရက်မပါ လုပ်သက်(၂)နှစ်ရှိသူဖြစ်ရပါမည်၊

၃။ လျှောက်ထားသူသည် အောက်ပါဘွဲ့(၁)ခုခုရရှိထားသူဖြစ်ရပါမည် -

(က) AGTI (Electrical/ Electronic/ Mechatronic/ Mechanical)

(ခ) B-Tech (Electrical/ Electronic/ Mechatronic/ Mechanical)

(ဂ) BE (Electrical/ Electronic/ Mechatronic/ Mechanical)

(ဃ) ME (Electrical/Electronic/Mechatronic/Mechanical)

(င) B.Sc (Physics), M.Sc (Physics)

(စ) B.Med.Tech (Medical Imaging Technology) (Medical Laboratory Technology)

၄။ လျှောက်ထားသူသည် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၀)နှစ်အောက်ရှိသူ ဖြစ်ရပါမည်၊

၅။ သင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်သူ ဖြစ်ရပါမည်။